# Information Sheet



VOLUME X, ISSUE 11 — 11 November 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းတကော်စက်မှုဇုန်နယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေး | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်ရုပ်သံ အစည်းအဝေးနှင့် ဆက်စပ်ရုပ်သံအစည်းအဝေးများသို့ တက်ရောက် | ၄ |
| ၃ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို မီဒီယာများအား တွေ့ဆုံရှင်းလင်း | ၅ |
| ၄ | အလုပ်ရှင် အလုပ်သမားများကြုံတွေ့နေရသော အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၇ |
| ၅ | မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေး နိုင်ငံများအကြား ဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် (၅) ကြိမ်မြောက် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ | ၈ |
| ၆ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၉ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၁၁ |
| ၈ | အကြမ်းဖက်သမားများက ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ဆောင်များနှင့် ပညာရေးဝန်ထမ်းများ၏ အိမ်ရာများအား မီးရှို့ဖျက်ဆီး | ၁၂ |
| ၉ | ထန်တလန်မြို့ပေါ်ရှိ နေအိမ်များနှင့် ဘာသာရေးအဆောက်အဦများအား PDF အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင် | ၁၃ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းတကော်စက်မှုဇုန်နယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာ လ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးရှိ အင်းတကော် စက်မှုဇုန်နယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက အင်းတကော်စက်မှုနယ်မြေ နောက်ခံသမိုင်းကြောင်း၊ စက်မှုနယ်မြေအတွင်း ရပ်နားထားရသည့် စက်ရုံအလုပ်ရုံများ ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ Digital Meter များထုတ်လုပ်နေမှုနှင့် Automatic Billing System ၊ automatic Reading System များအသုံးပြုပြီး မီတာခများကောက်ခံမှုနှင့် ထိန်းသိမ်းမှုများဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- ရပ်နားထားရသည့်စက်များပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်နှင့် စက်ရုံများအလိုက် စက်ပစ္စည်းများအား မလိုလားအပ်ဘဲပျက်ဆီးဆုံးရှုံးမှု မရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်။
- မြန်မာ့လျှပ်စစ်လုပ်ငန်းတွင်အသုံးပြုရန် လိုအပ်လျက်ရှိသော လျှပ်စစ်ဝါယာကြိုးများအား ပြည်တွင်း၌ စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ထုတ်လုပ်နိုင်ပါက ပြည်ပငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် လျှပ်စစ်ဝါယာကြိုးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။
- လျှပ်စစ်ဓာတ်အားများအား တရားမဝင်နည်းလမ်းများဖြင့် ရယူသုံးစွဲမှုမရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြပ်မတ်ဆောင်ရွက်ရန်၊ အခြေခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခများ သက်သာမှုရှိစေရေး စွမ်းအင်ချွေတာနိုင်သည့် လျှပ်စစ်ပစ္စည်းများအသုံးပြုနိုင်ရေး ပညာပေးခြင်းနှင့်တိုက်တွန်းခြင်းများ ဆောင်ရွက်ပေးရန်။
- လျှပ်စစ်ဓာတ်အားများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာရှိ လျှပ်စစ်သုံးစွဲခများနှင့် မြန်မာနိုင်ငံရှိလျှပ်စစ်ဓာတ်အားသုံးစွဲခအား နှိုင်းယှဉ်သုံးသပ်၍ ပြည်သူလူထုသက်သာမှုရှိစေရေး ဆောင်ရွက်သွားရန်နှင့် ကျေးရွာများတွင် ထင်းသုံးစွဲချက်ပြုတ်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ထင်းသုံးစွဲမှုလျှော့ချပေးရန်။
- တစ်အိမ်ထောင်လျှင် ယူနစ် ၁၀၀ ခန့်သာသုံးစွဲပါက ခန့်မှန်းဓာတ်အား သုံးစွဲခငွေကျပ် ၆၀၀၀ ဝန်းကျင်ခန့်သာ ကုန်ကျမည်ဖြစ်၍ ကျေးရွာများတွင် လျှပ်စစ်မီးရရှိစေရေးအတွက် ဆိုလာစနစ်များတပ်ဆင်ပေးရန်။

- ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာများဖြင့် အိမ်သုံးလျှပ်စစ်ဓာတ်အားများထုတ်ယူသုံးစွဲနိုင်ရေးဆောင်ရွက်ရန်နှင့် လိုအပ်လျက်ရှိသည့် ဆိုလာပြားများအား ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်။
- ရန်ကုန်မြို့အတွင်း AMI စနစ်သုံးမီတာများ ရာနှုန်းပြည့် ပြောင်းလဲတပ်ဆင်နိုင်ရေးဆောင်ရွက်ရန်နှင့် မန္တလေးမြို့တွင်လည်း AMI စနစ်သုံး လျှပ်စစ်မီတာများ ပြောင်းလဲတပ်ဆင်နိုင်ရေး လျာထားဆောင်ရွက်သွားရန်။
- တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့ကြီးများတွင်လည်း AMI စနစ် တပ်ဆင်နိုင်ရေး အဆင့်လိုက်ဆောင်ရွက်သွားရန်မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် EVER Meter များအသုံးပြု၍ AMI စနစ်ဖြင့် ဆောင်ရွက်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းပဲတန်းမြို့နယ်၏ လျှပ်စစ်သုံးစွဲနေမှုအခြေအနေများအား မော်နီတာမှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုပြီးနောက် EVER Meter စက်ရုံအတွင်း စက်ရုံမှထုတ်လုပ်ထားသည့် မီတာများနှင့် မီတာများ အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၁)**




- **အင်းတကော်စက်မှုဇုန်မှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-**
  - ♦ **ရပ်နားထားရသည့်စက်များပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်ရန်နှင့် စက်ရုံများအလိုက် စက်ပစ္စည်းများအား မလိုလားအပ်ဘဲပျက်ဆီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်။**
  - ♦ **လျှပ်စစ်ဓာတ်အားများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာရှိ လျှပ်စစ်သုံးစွဲခများနှင့် မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားသုံးစွဲခအား နှိုင်းယှဉ်သုံးသပ်၍ ပြည်သူလူထု သက်သာမှုရှိစေရေး ဆောင်ရွက်သွားရန်။**
  - ♦ **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာများဖြင့် အိမ်သုံးလျှပ်စစ်ဓာတ်အားများ ထုတ်ယူသုံးစွဲနိုင်ရေးဆောင်ရွက်ရန်။**
  - ♦ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့ကြီးများတွင်လည်း AMI စနစ် တပ်ဆင်နိုင်ရေးအဆင့်လိုက် ဆောင်ရွက်သွားရန်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အင်းတကော်စက်မှုဇုန်နယ်မြေရှိ စက်ရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု












# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်ရုပ်သံအစည်းအဝေးနှင့် ဆက်စပ်ရုပ်သံအစည်းအဝေးများသို့ တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် နိုဝင်ဘာလ ၁၀ ရက်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံက ဦးစီးကျင်းပသည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့် ရုပ်သံအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် အာဆီယံ- ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောရုပ်သံအစည်းအဝေး၊ အာဆီယံ-ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးများသို့ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

- အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက "ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကာလအတွင်း ပေါ်ပေါက်လာသော ဒေသတွင်း လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ADMM ၏ အနာဂတ်ဦးစားပေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ" နှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် အမြင်သဘောထားများအား ဆွေးနွေးဖလှယ်ခဲ့ပါသည်။
- အာဆီယံ-ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးများတွင်လည်း အာဆီယံနိုင်ငံများနှင့် ၎င်းနိုင်ငံတို့အကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးများအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ ဒုတိယကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၁)**

- **အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် "ဒေသတွင်း လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ADMM ၏ အနာဂတ်ဦးစားပေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ"နှင့် စပ်လျဉ်း၍ သဘောထားများအား ဆွေးနွေးဖလှယ်ခဲ့။**
- **အာဆီယံ-ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးများတွင်လည်း အာဆီယံနိုင်ငံများနှင့် ၎င်းနိုင်ငံတို့အကြား ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

# လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို မီဒီယာများအား တွေ့ဆုံရှင်းလင်း



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မီဒီယာများအား တွေ့ဆုံမိတ်ဆက်ရှင်းလင်းခြင်းကို နိုဝင်ဘာလ ၁၈ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက–

- နိုင်ငံတော်၏ စီမံချက်များဖြစ်သော နိုင်ငံသားများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးသည့် "ပန်းခင်း" စီမံချက်နှင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့်ဆောင်ရွက်မည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ယခင်နိုင်ငံတော်အစိုးရအဆက်ဆက်ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း ပြည်သူများအတွက် ဥပဒေနှင့်အညီ နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရန် "ပန်းခင်း" စီမံချက်ဖြင့် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံသားကတ် ရရှိမှုသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသား အခွင့်အရေးအပြည့်အဝရရှိ၍ လူမှုဘဝ ပြည့်စုံနိုင်မည်ဖြစ် ကြောင်း။
- ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည်လည်း နိုင်ငံတကာ၌ ၁၀ နှစ်လျှင် တစ်ကြိမ်ကောက်ယူကြရာ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့်ကောက်ယူနိုင်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်တွင် ပြန်လည်ကောက်ယူရန် အလှည့်ကြရောက်ပြီ ဖြစ်ကြောင်း။
- ယင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် အခြေခံတွက်ချက်ဆောင် ရွက်ရသည့် တိကျမှန်ကန်သော လူဦးရေကိန်းဂဏန်းအချက်အလက်များ ရရှိစေရေးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း။
- နိုင်ငံတော်၏အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများအားနိုင်ငံသားအဖြစ် ပြန်လည်လက်ခံရေး လုပ်ငန်းနှင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။
- ယင်းလုပ်ငန်းစဉ်များကို ပြည်သူများသိရှိနားလည် ပူးပေါင်းလာစေရေးအတွက် ဝန်ကြီးဌာနမှ Online၊ Offline အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာစေရေးအတွက် ယခုကဲ့သို့ မီဒီယာအဖွဲ့အစည်းများကို တွေ့ဆုံရှင်းလင်းချပြခြင်းဖြစ်ပြီး

ပြည်သူများ ပိုမိုသိရှိစေရေးအတွက် တတ်စွမ်းသမျှပံ့ပိုး ကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့် ရှိသူများ၊ နိုင်ငံပိုင် မီဒီယာများ အပါအဝင် နေပြည်တော်နှင့် မန္တလေးတို့ရှိ ပုဂ္ဂလိက မီဒီယာအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

**(ကြေးမုံသတင်းစာ ၁၁-၁၁-၂၀၂၁)**





**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားတွင် တာဝန်ရှိသူများနှင့် မီဒီယာသမားများတက်ရောက်နေသည့် မှတ်တမ်းဓာတ်ပုံ**

- **နိုင်ငံတော်၏စီမံချက်များဖြစ်သော နိုင်ငံသားများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးသည့် "ပန်းခင်း"စီမံချက်နှင့် ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ။**
- **ပြည်သူများအတွက် ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရန် "ပန်းခင်း" စီမံချက်ဖြင့် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံသားကတ်ရရှိမှုသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိ၍ လူမှုဘဝပြည့်စုံနိုင်မည်ဖြစ်။**
- **ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် အခြေခံတွက်ချက်ဆောင်ရွက်ရသည့် တိကျမှန်ကန်သောလူဦးရေ ကိန်းဂဏန်းအချက်အလက်များ ရရှိစေရေးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်။**
- **ယင်းလုပ်ငန်းစဉ်များကို ပြည်သူများသိရှိနားလည် ပူးပေါင်းလာစေရေးအတွက် ဝန်ကြီးဌာနမှ Online၊ Offline အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း မီဒီယာအဖွဲ့အစည်းများအနေဖြင့် ပြည်သူများ ပိုမိုသိရှိလာစေရေးအတွက် တတ်စွမ်းသမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးကြစေလို။**

# အလုပ်ရှင် အလုပ်သမားများ ကြုံတွေ့နေရသော အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စက်ရုံအလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Vitual ဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက–

- စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများအား ကာကွယ်ဆေးထိုးနှံမည့် စီမံချက်ကို Coronavirus Disease – 2019(Covid–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာနသို့ ရေးဆွဲတင်ပြခဲ့။
- ပထမဦးစားပေးအနေဖြင့် အလုပ်သမားအင်အားအများဆုံးဖြစ်သည့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ အလုပ်သမားများအား ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဩဂုတ်လ ၁၈ ရက်မှ နိုဝင်ဘာလ ၈ ရက်အထိ ၁၄,၀၅၀ ဌာနမှ အလုပ်သမား ၈၆၈,၄၉၁ ဦး ထိုးနှံပေးနိုင်ခဲ့ပြီး ကျန်ရှိသူများနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆက်လက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ။
- အလုပ်ရှင်နှင့် အလုပ်သမားများ၏ အမှန်တကယ်ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြည့်ဆည်းပေးရန် ဆွေးနွေးအဖြေရှာကြပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့။

စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံခံစားနေရသည့် အခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

**(မြဝတီသတင်းစာ ၁၁–၁၁–၂၀၂၁)**

- **စက်ရုံအလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ အခက်အခဲများနှင့် ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Vitual ဖြင့်ကျင်းပခဲ့။**
- **စက်မှုဇုန်များမှ အလုပ်သမားများအား ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ဩဂုတ်လ ၁၈ ရက်မှ နိုဝင်ဘာလ ၈ ရက်အထိ ၁၄,၀၅၀ ဌာနမှ အလုပ်သမား ၈၆၈,၄၉၁ ဦး ထိုးနှံပေးနိုင်ခဲ့။**
- **အလုပ်ရှင်နှင့် အလုပ်သမားများ၏ အမှန်တကယ်ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြည့်ဆည်းပေးရန် ဆွေးနွေးအဖြေရှာကြပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်။**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံများအကြားဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် (၅) ကြိမ်မြောက် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေး နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း နိုင်ငံတို့အကြား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်းကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည့် (၅)ကြိမ် မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၌ Virtual Conferencing စနစ်ဖြင့် ကျင်းပခဲ့ပါသည်။ ၎င်းအစည်း အဝေးတွင်-

- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးအစီအစဉ်သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်သော စီမံကိန်းတစ်ခုဖြစ်ပြီး၊ ၂၀၁၈ ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အခြေအနေများ။
- မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သော စီမံကိန်းကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုပေးနိုင်မည့် Digital Platform စနစ်ဖြင့် ဆောင်ရွက်ပေးမည့်အစီအစဉ်များ။
- COVID-19 Economic Relief Plan အရ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် Cash for Work စီမံကိန်းနှင့် Village Revolving Fund Project များအား စီမံကိန်းကျေးရွာ ၇ ရွာတွင် အကောင်အထည်ဖော်ပေးမည့် အစီအစဉ်များ။
- အဖွဲ့ဝင်နိုင်ငံများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း တွေ့ကြုံခဲ့ရသော စိန်ခေါ်မှုများနှင့် အတွေ့ကြုံများကို ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်အပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင် ၆ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၂ )**

- မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း တွေ့ကြုံရသော စိန်ခေါ်မှုများနှင့် အတွေ့ကြုံများကိုဆွေးနွေးခဲ့။
- COVID-19 Economic Relief Plan အရ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Cash for Work စီမံကိန်းနှင့် Village Revolving Fund Project များအား စီမံကိန်းကျေးရွာ ၇ ရွာတွင် အကောင်အထည်ဖော်ပေးမည့် အစီအစဉ်များ။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအဖြစ် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၅၁ ဦးနှင့် အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၉၃ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၀ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၈၃,၆၂၀ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၉၉,၈၂၂ ဦး အားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၁၀ ရက်တွင် ဒုတိယအကြိမ်အဖြစ် ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၇၄၈ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ကျောင်းသား/ကျောင်းသူစုစုပေါင်း ၁၅,၄၂၈ ဦး အားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုဝင်ဘာလ ၁၀ ရက်အထိ စုစုပေါင်း ၁,၂၂၈,၀၄၄ ဦးအား ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်းတို့မှ

တင်သွင်းရာ၌ ကုမ္ပဏီ ၂ ခုမှ ယာဉ်စီးရေ ၂ စီးဖြင့် အောက် ဆီဂျင်အရည် (Bowser) ၁ စီးတန်၂၀၊ လုပ်ငန်းသုံး အောက် ဆီဂျင်စက်(Oxygen Generator) ၂ ခုနှင့်နှာခေါင်းစည်း (Mask) ၈၆တန် တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နို ဝင်ဘာလ ၁၀ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၈,၈၁၉ ခုအား စစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ်၁,၁၈၀ ဦးဖြင့် ပိုးတွေ့ရှိမှု ၄ ဒသမ ၀၉ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၀-၁၁-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာ စုစုပေါင်း ၅,၁၁၀,၈၉၂ခုအားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစု ပေါင်း ၅၀၉,၇၇၁ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၈၆၉ ဦး ရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၁ )**





**ပြည်ပမှ အောက်ဆီဂျင်(အရည်)နှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများ တင်သွင်းနေမှု**



**ခန္တီးမြို့နယ်ရှိ အသက် ၁၂ နှစ် အထက်ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**



**နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူများအား လက်ခံပေးနေမှု**

- **၁၀-၁၁-၂၀၂၁ ရက်အထိ အတည်ပြုလူနာစုစုပေါင်း ၅၀၉,၇၇၁ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၈,၈၆၉ ဦးရှိခဲ့။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၁၀ ရက်တွင် ဒုတိယအကြိမ် အဖြစ် ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၇၄၈ ဦးအား လည်းကောင်း၊ ပထမအကြိမ်အဖြစ် ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၁၅,၄၂၈ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုဝင်ဘာလ ၁၀ ရက်အထိ စုစုပေါင်း ၁,၂၂၈,၀၄၄ ဦးအား ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**

# နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အစဖြစ်သည့် အောက်တိုဘာလ မှစတင်၍ နယ်စပ်ကုန်သွယ်မှုများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိရာ-

- ကော့သောင်းမှ ထိုင်းနိုင်ငံ ရနောင်းသို့ အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ ရေထွက်ကုန် မက်ထရစ်တန်ချိန် ၂ ၁,၁၅၆.၆၈၃ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃.၀၂ သန်း ရရှိခဲ့။
- ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ် ၂ ခုသို့ ရေထွက်ကုန်နှင့် ကုန်ခြောက်ပစ္စည်းများ တင်ပို့ခဲ့ရာ အောက်တိုဘာလ ၁၃ ရက်မှစတင်၍ လေးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂.၂၆၁ သန်း ရရှိခဲ့ပြီး ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၆၁၅ သန်း ရရှိခဲ့။

ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ၂၀၂၀ -၂၀၂၁ ခုနှစ်၌ ကိုဗစ်ရောဂါကြောင့် ကုန်စည်စီးဆင်းမှုလျော့ ကျခဲ့ရာ တန်ချိန် ၅,၁၁၀.၇၀ တန် တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄.၇၆၀ သန်းရရှိခဲ့ပြီး အောက်တိုဘာလ ၁၃ ရက်၌ ပြန်လည် ဖွင့်လှစ်ခဲ့သော နယ်စပ်ကုန်သွယ်ရေးတွင် နိုဝင်ဘာ ၈ ရက်ထိ ပို့ကုန်တန်ချိန် ၄၈၄၁.၁၆ တန် တင်ပို့နိုင်ခဲ့၍ အမေရိကန်ဒေါ်လာ ၂.၂၆၁ သန်း ရရှိထားခြင်းဖြစ်သည်။

**(ကြေးမုံသတင်းစာ ၁၁-၁၁-၂၀၂၁ )**

- **ကော့သောင်းမှ ထိုင်းနိုင်ငံ ရနောင်းသို့ အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ ရေထွက်ကုန် မက်ထရစ်တန်ချိန် ၂၁,၁၅၆.၆၈၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃.၀၂ သန်းရရှိခဲ့။**
- **ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ် ၂ ခုသို့ ရေထွက်ကုန်နှင့် ကုန်ခြောက်ပစ္စည်းများ တင်ပို့ခဲ့ရာ အောက်တိုဘာလ ၁၃ ရက်မှစတင်၍ လေးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂.၂၆၁ သန်း ရရှိခဲ့ပြီး ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၆၁၅ သန်း ရရှိခဲ့။**

# အကြမ်းဖက်သမားများက ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ဆောင်များနှင့် ပညာရေးဝန်ထမ်းများ၏ အိမ်ရာများအား မီးရှို့ဖျက်ဆီး





**ကလေးမြို့ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သူ ၂ ဦးက လက်လုပ်ဗုံးဖြင့် ပေါက်ခွဲခဲ့သည့်နေရာ**

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးအတွက်ကို အခြေခံ၍ နိုင်ငံတော်၏လည်ပတ်နေသော အုပ်ချုပ်ရေးယန္တရားကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်လုပ်ရပ်များကိုနေရာအချို့၌ ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ကျောင်းများပြန်လည်ဖွင့်လှစ်လျက်ရှိသည့် ယခုအချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ မိဘအုပ်ထိန်းသူများ ကြောက်ရွံ့ထိတ်လန့်စေရန် လုပ်ကြံသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအား မိုင်းထောင်ဖောက်ခွဲခြင်းတို့အထိပါ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ-

- နိုဝင်ဘာလ ၁၀ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ အမှတ်(၉) အခြေခံပညာကျောင်းဝန်းအတွင်းသို့ အကြမ်းဖက်သမား ၂ ဦးက ဆိုင်ကယ်ဖြင့်လာရောက်၍ လက်ပစ်ဗုံး ၁ လုံးဖြင့်ပစ်ပေါက်ခဲ့ရာ ကျောင်းဝန်းအတွင်းရှိ မုန့်ဆိုင်တန်းအပေါင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့။
- နိုဝင်ဘာလ ၈ ရက်တွင် ကချင်ပြည်နယ်၊ မံစီမြို့နယ်၊ မံဝိန်းလေးကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းဝန်းအတွင်းရှိ ဆရာ၊ ဆရာမများနေထိုင်ရန် ဆောက်လုပ်ထားသည့် အဆောက်အဦ ၂ လုံးအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၂) ခန်းတွဲ မြေစိုက်အဆောက်အဦ ၁ လုံး မီးလောင်ပျက်စီးခဲ့။
- နိုဝင်ဘာလ ၉ ရက်တွင်လည်း ရေဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာရှိ တိုးမာလာ အခြေခံပညာမူလတန်းကျောင်း၏ (၂) ထပ်ကျောင်းဆောင်အား ဒီဇယ်လောင်းပြီး မီးရှို့မှုဖြစ်ပွားခဲ့သဖြင့် ပြည်သူများဝိုင်းဝန်း ငြိမ်းသတ်ခဲ့။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ကျောင်းနေအရွယ် ကလေးသူငယ်များ ပညာသင်ကြားလျက်ရှိသည့် စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများနားနေဆောင်များနှင့် ပြည်သူများပိုင်ဆိုင်သည့် နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၁)**



**မံစီမြို့နယ်၊ မန်ဝိန်းလေးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ အဆောက်အဦအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ**

- **စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ အမှတ်(၉) အခြေခံပညာကျောင်းဝန်းအတွင်းသို့ အကြမ်းဖက်သမား ၂ ဦးက ဆိုင်ကယ်ဖြင့်လာရောက်၍ လက်ပစ်ဗုံး ၁ လုံး ဖြင့်ပစ်ပေါက်ခဲ့ရာ ကျောင်းဝန်းအတွင်းရှိ မုန့်ဆိုင်တန်းအဟောင်းပေါ်သို့ ကျရောက် ပေါက်ကွဲခဲ့။**
- **ကချင်ပြည်နယ်၊ မံစီမြို့နယ်၊ မံဝိန်းလေးကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းဝန်းအတွင်းရှိ ဆရာ၊ ဆရာမများ နေထိုင်ရန် ဆောက်လုပ်ထားသည့် အဆောက်အဦ ၂ လုံးအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၂) ခန်းတွဲ မြေစိုက်အဆောက်အဦ ၁ လုံး မီးလောင်ပျက်စီးခဲ့။**
- **ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာရှိ တိုးမာလာ အခြေခံပညာမူလတန်းကျောင်း၏ (၂) ထပ် ကျောင်းဆောင်အား ဒီဇယ်လောင်းပြီး မီးရှို့မှုဖြစ်ပွားခဲ့သဖြင့် ပြည်သူများဝိုင်းဝန်းငြိမ်းသတ်ခဲ့။**

## ထန်တလန်မြို့ပေါ်ရှိ နေအိမ်များနှင့် ဘာသာရေးအဆောက်အဦများအား PDF အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်

အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG အဖွဲ့သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အလေးထားအသုံးပြုလျက်ရှိသော လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူလူထုအား စိုးရိမ်ထိတ်လန့်စေ၍ မြို့၊ ရွာများတွင် မနေထိုင်ရဲစေရေး မြို့၊ ရွာများအား မီးရှို့ဖျက်ဆီးခြင်းများအပြင် ဒလန်ဟု စွပ်စွဲ၍ သတ်ဖြတ်ခြင်းများကိုပါ ကျူးလွန်လုပ်ဆောင်လျက်ရှိပါသည်။

အဆိုပါအကြမ်းဖက်လုပ်ရပ်များအနက် NUG အကြမ်းဖက်အဖွဲ့၏သြဇာခံအဖွဲ့ဖြစ်သော ဒေသခံ PDF အကြမ်းဖက်အဖွဲ့သည်-

- နိုဝင်ဘာလ ၈ ရက် နံနက် ၂ နာရီခွဲခန့်တွင် ထန်တလန်မြို့ အမှတ်(၃) ရပ်ကွက်ရှိ နေအိမ် ၃ လုံး (ကာလတန်ဖိုးငွေကျပ် ၂၈ သိန်းကျော်) ကိုလည်းကောင်း၊ နိုဝင်ဘာလ ၉ ရက် ည ၉ နာရီခန့်တွင် နေအိမ် ၁၅ လုံး (ကာလတန်ဖိုးငွေကျပ် သိန်း ၄၈၀ ကျော်) ကိုလည်းကောင်း အကြောင်းမဲ့ ထပ်မံမီးရှို့ခဲ့။
- နိုဝင်ဘာလ ၆ ရက်တွင် ချင်းပြည်နယ်၊ ထန်တလန်မြို့ နယ်မြေခံလုံခြုံရေးစခန်းအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ ဆုတ်ခွာထွက်ပြေးခဲ့ပြီး ၎င်းတို့ဆုတ်ခွာရာလမ်းတစ်လျှောက်ရှိ ဈေးဆိုင်တန်း ၆ လုံးနှင့် နေအိမ် ၁ လုံးအား မီးရှို့ဖျက်ဆီးခဲ့။

အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG အဖွဲ့သည် ၎င်းတို့၏ မူလ ရည်ရွယ်ချက်ဖြစ်သော တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးမှုကို ထိခိုက်ပျက်ပြားစေရန် လေလှိုင်းမှတစ်ဆင့် မြှောက်ပင့်သွေးထိုး၍ ဝါဒဖြန့်ချိကာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုရင်း၍ နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများရရှိစေရန်နှင့် နိုင်ငံအပေါ် အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်လာစေရန် လုပ်ဆောင်လျက်ရှိရာ ဒေသတွင်းတည်ငြိမ်အေးမှုနှင့် တရားဥပဒေ စိုးမိုးမှုရှိစေရေအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၁)**



**ထန်တလန်မြို့ပေါ်ရှိ ဘာသာရေးအဆောက်အဦးများ PDF အကြမ်းဖက်အဖွဲ့မှ မီးရှို့ဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ**

- **NUG အကြမ်းဖက်အဖွဲ့၏ သြဇာခံအဖွဲ့ဖြစ်သော ဒေသခံ PDF အကြမ်းဖက်အဖွဲ့သည် နိုဝင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ့တို့တွင် ထန်တလန်မြို့မှ နေအိမ် ၁၈ လုံး(ကာလ တန်ဖိုးငွေကျပ် ၅၀၈ သိန်းကျော်)အား အကြောင်းမဲ့ ထပ်မံမီးရှို့ခဲ့။**
- **ဒေသခံ PDF အကြမ်းဖက်အဖွဲ့သည် ထန်တလန်မြို့ နယ်မြေခံလုံခြုံရေးစခန်းအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ ဆုတ်ခွာထွက်ပြေးခဲ့ပြီး ၎င်းတို့ဆုတ်ခွာရာ လမ်းတစ်လျှောက်ရှိ ဈေးဆိုင်တန်း ၆ လုံးနှင့် နေအိမ် ၁ လုံးအား မီးရှို့ဖျက်ဆီးခဲ့။**